# ဗလီဝတ်ကျောင်းတော်နှင့် ဝတ်တက်နှိုးဆော်သံ

မေး။ မွတ်စ်လင်မ်တွေရဲ့ ဗလီကျောင်းတွေထဲမှာ ဘာတွေရှိလဲ။ ပြီးတော့ ဗလီကနေ နေ့တိုင်း ဘာသံတွေအော်နေကြတာလဲ။ ဘာတွေလုပ်ကြသလဲ။ ဗလီထဲကို ဘာသာခြားတွေ ဝင်လို့တက်လို့ရလား။

ဖြေ။

**[၁] အဓိပ္ပာယ်**

'ဗလီ'ဟာတမီလ်ဘာသာစကား 'ပလ္လိ'မှဆင်းသက်လာပြီး အရဗီဘာသာစကားနဲ့ ဆိုရင်တော့ 'မ(တ်)စ်ဂျိဒ်'ဖြစ်ပါတယ်။ တိုက်ရိုက်အဓိပ္ပာယ်ကတော့ 'အဓိနှိနာခံတဲ့ နေရာ'ပါ။ ကိုးကွယ်ရာ အနှိုင်းမဲ့အလ္လာဟ်ကို နာခံဝတ်ပြုကိုးကွယ်တဲ့နေရာပါ။

**[၂] ဗလီဝတ်ကျောင်းတော်ထဲမှာ**

ပင်မဝတ်ပြုဆောင်၊ အမျိုးသမီး သီးသန့် ဝတ် ပြုဆောင်၊ ဝတ်တက်နှိုးဆော်စင်(မင်နရက်)၊ ဝတ်မပြုမီ ကိုယ်လက်သန့်စင်(ဝသူ)ကန်၊ ကျမ်းစာနှင့် ယဉ်ကျေးလိမ္မာစာသင်ကျောင်း၊ ဝတ်ပြုရှေ့ဆောင်ဆရာ(အီမာန်)နှင့် နိဗ္ဗာန်ဆော်(မုအ်ဇင်)မိသားစုတို့ အတွက်အိမ်(သို့)အခန်း၊ နာရေးအတွက်ထမ်းစင်နှင့် နိဗ္ဗာန်ယာဉ် (အချို့မြို့ရွာများတွင်တော့ရန်ပုံငွေ အခက် အခဲအရ မရှိပါ)တို့ ရှိကြပါတယ်။

**[၃] ဝတ်တက်နှိုးဆော်သံ**

ဝတ်တက်နှိုးဆော်စင်မှ နိဗ္ဗာန်ဆော်က ကျောင်းတော်သို့ လာရောက်ဝတ်ပြုကြရန် တစ်နေ့ လျှင် ငါးကြိမ် နှိုးဆော်ပါသည်။ နှိုးဆော်သံမှာ –

မြတ်ရှင်အလ္လာဟ်သည် အကြီးမြတ်ဆုံး ဖြစ်ပါသည် (၄ကြိမ်)
မြတ်ရှင်အလ္လာဟ်မှအပ ကိုးကွယ်ရာ မရှိကြောင်း သက်သေခံပါ၏
(၂ကြိမ်)
မုဟမ္မဒ်သခင်သည် မြတ်ရှင်အလ္လာဟ်၏ တမန်တော် ဖြစ်ကြောင်း
သက်သေခံပါ၏။ (၂ကြိမ်)
ဝတ်ပြုရန် လာရောက်ကြလော့။ (၂ကြိမ်)
အောင်မြင်မှုဆီသို့ လာရောက်ကြလော့။ (၂ကြိမ်)
မြတ်ရှင်အလ္လာဟ်သည် အကြီးမြတ်ဆုံး ဖြစ်ပါသည်။ (၂ကြိမ်)
မြတ်ရှင် အလ္လာဟ်မှအပ ကိုးကွယ်ရာ မရှိပါ။ (၁ကြိမ်)
တို့ဖြစ်ပါသည်။

မြို့ရွာများတွင် ၎င်းနှိုးဆော်သံ ပျံ့လွင့်ကြားရခြင်းဖြင့် မကောင်းဆိုးဝါးနှင့် မာရ်နတ်(ရှိုက်တွာန်)များရန်မှ ကင်းဝေးပြီး မင်္ဂလာအဖြာဖြာကျရောက်ကြောင်း သွန်သင်ထားပါသည်။

**(၄) ဝတ်ပြုဆောင်**

ပင်မဝတ်ပြုဆောင်တွင် တရားဟောစင်မြင့် (မင်န်ဗရ်) တစ်ခုရှိပြီး ရှေ့ဆောင်ဆရာမှ ထိုစင်မြင့်ထက်မှနေ၍ သောကြာနေ့တိုင်းနှင့် ကျန်နေ့များတွင် အခါအားလျော်စွာ တရားဟောဆုံးမစကားပြောပါသည်။ ဝတ်ပြုဆောင်များမှာ အခန်းလွတ်များဖြစ်ကြပြီး ရှေ့ဆောင်နောက်မှလိုက်၍ လူစုလူဝေးဖြင့်ဝတ်ပြုကြရန်အတွက်ဖြစ်ပါသည်။ ဝတ်ပြုမှုမှာ ကုရ်အာန်ကျမ်းမြတ်ပါ ပါဒတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဆုတောင်းခြင်း၊ ဂုဏ်တော်တသခြင်းနှင့် မေတ္တာပို့သခြင်းများကို ရပ်ခြင်း၊ ဦးညွှတ်ခြင်း၊ ထိုင်ခြင်းနှင့် ဦးချခြင်းအနေအထားများဖြင့် ပြုခြင်း ဖြစ်သည်။ ပုံမှန်နေ့စဉ် ငါးကြိမ်စုဝေး ဝတ်ပြုခြင်းအပြင် ဝတ်ပြုဆောင်များတွင် တစ်ဦးချင်းအလိုက် သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်း

ကောင်း တရားဆွေးနွေးခြင်း၊ ကျမ်းစာများဖတ်ရှုခြင်း၊ ဂုဏ်တော်တသခြင်း၊ တရားဆင်ခြင်ခြင်းနှင့် တရားထိုင်ခြင်း (မုရာကဗာ)၊ ရမဒွန်ဥပုသ်လမြတ်တွင် တရားစခန်းဝင်ခြင်း (အိသိကားဖ်)တို့ကိုလည်း ပြုလုပ်ကြပါသည်။ ဝတ်ပြုဆောင်ထဲတွင် ကုရ်အာန်ကျမ်းလာ ပါဒတော်များနှင့် တမန်တော်မြတ်၏ ဆုံးမစကားများကို ချိတ်ဆွဲထားလေ့ရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဆုံးမစာများကိုလည်း ဝတ်ပြုသူတို့ ဖတ်မှတ်နိုင်ရန် စာအုပ်ဗီရိုများဖြင့် စီစဉ်ထားပေးသည်။

## (၅) ဝတ်ကျောင်းတော်ထဲတွင်

သာရေးနာရေးကိစ္စများဖြစ်သော သေဆုံးသူအတွက် ဝတ်ပြုဆုတောင်းပေးခြင်း၊ လူမှုအရေးကိစ္စများနှင့်ပတ်သက်ပြီး အစ္စလာမ့်ဓမ္မသတ်မှုးများမှ ဆုံးဖြတ်မှုများပေးခြင်းနှင့် စေ့စပ်ကြောင်းလမ်းထိမ်းမြားခြင်း၊ နေ့ထူးညမြတ်များနှင့် ရမဒွန် ဥပုသ်လမြတ်တွင် အလှူအတန်းများလုပ်ခြင်းစသည်တို့ကိုလည်း ပြုလုပ်ပါသည်။ အချို့ဝတ်ကျောင်းတော်များတွင် လူမှုဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်နှင့် ဆေးခန်းများတွဲဖက် ဖွင့်ထားခြင်းမျိုးလည်းရှိပါသည်။

## (၆) မလီဝတ်ကျောင်းတော်များနှင့် ဘာသာခြားညီနောင်များ

အစ္စလာမ့်သင်ကြားမှုအရ ဟဂျ်ဘုရားဖူးရန်အတွက် သီးသန့် ဖြစ်သော ကာဘာကျောင်းတော်(မြင့်မြတ်မှုအရ သာလွန်သော်လည်း ကျန်ဝတ်ကျောင်းတော်များနည်းတူ အခန်းလွတ်ပင်ဖြစ်သည်)မှအပ ကျန်ဝတ်ကျောင်းတော်များ အားလုံးကို ဘာသာခြားညီနောင်များအနေဖြင့် ရည်ရွယ်ချက်ကောင်း(ဥပမာ- ဝတ်ကျောင်းတော်နှင့် ဝတ်ပြုမှုကို သိလို လေ့လာလိုခြင်းမျိုး)ဖြင့်

ဝင်ရောက်နိုင်ပါသည်။ ဘာသာတရားတိုင်း လိုလိုတွင် ဝတ်ပြု ကိုးကွယ်မှုဆိုင်ရာ ထွင့်မြတ်အဆောက်အဦးများနှင့်ပတ်သက်၍ ရှိသေမှု စည်းမျဉ်းများ ရှိကြပါသည်။ အစ္စလာမ်တွင်လည်း ဗလီ ဝတ်ကျောင်းတော်များနှင့်ပတ်သက်၍ ရှိသေမှုဆိုင်ရာ စည်းများ (ဥပမာ– အစ္စလာမ့်တရားတော်က သတ်မှတ်ထားသည့် ကိုယ်သန့် စင်မှုရှိခြင်း၊ ဟီရိုဩတပွနှင့်အညီ လုံခြုံစွာ ဝတ်ဆင်ထားခြင်း၊ အမျိုးသားနှင့် အမျိုးသမီးမရောယှက်ခြင်းစသည်တို့)ရှိပါသည်။ ထိုစည်းများကို လိုက်နာနိုင်သော ဘာသာခြားမိတ်ဆွေများ အနေ ဖြင့် မိမိညီနောင် မွတ်စ်လင်မ်နှင့်အတူ ဝတ်ကျောင်းတော်များ သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။ တမန်တော်မြတ်မုဟမ္မဒ်သခင် သက်တော်ထင်ရှားရှိစဉ် ခရစ်ယာန် သံအဖွဲ့လာရောက်စဉ် ဂုဏ် ပေးလက်ခံတွေ့ဆုံခဲ့ပြီး တမန်တော်မြတ် ဝတ်ကျောင်းတော်ထဲသို့ ဝင်ရောက်ခွင့်ပေးခဲ့ပေသည်။ အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးဖခင် ဟိန္ဒူဘာသာဝင် ဂန္ဒီကြီးမှာ အစ္စလာမ့်အလင်းပြပုဂ္ဂိုလ်ကြီး မုဟမ္မဒ်သခင်ကို လေးစားလို့ပါဟုဆိုကာ သဘက်ပိုင်းလေးကို ပုခုံး တစ်ဖက်တင်ကာ ဗလီဝတ်ကျောင်းတော်များတွင် ရံဖန်ရံခါ လာရောက်ထိုင်နေတတ်သည်ကို သမိုင်းစိတ်ဝင်စားသူတိုင်း လေ့လာဖူးလိမ့်မည်။ ယနေ့သတင်းစာမျက်နှာများတွင်လည်း ဘာသာခြား နိုင်ငံခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင် များ မွတ်စ်လင်မ်အများစုရှိရာ နိုင်ငံများသို့ ချစ်ကြည်ရေး ခရီး လာရောက်စဉ် ဗလီဝတ်ကျောင်းတော်များသို့ သွားရောက်သည်ကို တွေ့နေရပေသည်။

ငြိမ်းချမ်းသူ

*dawah.group.myanmar@gmail.com*